**၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့၌ အွန်လိုင်းမှတစ်ဆင့်ကျင်းပခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း**

## ၁။ ရည်ရွယ်ချက်

နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား အောက်ပါအစီအစဉ်များအား အဓိကထား ဆွေးနွေးရန် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်သည် -

- Project Level Reporting လုပ်ငန်းစဉ်အတွက် Step -2 အား ဆွေးနွေးရန်
- ထုတ်ပြန်ပြီးခဲ့သော သစ်တောကဏ္ဍဆိုင်ရာ အစီရင်ခံစာများမှ Data များကို Data Portal တွင် ထုတ်ပြန်နိုင်ရန်နှင့်ပတ်သက်၍ ဆွေးနွေးရန်
- Commodity Trading Report နှင့်ပတ်သက်၍ ဆွေးနွေးရန်
- Systematic Disclosure Feasibility Study Consultant နှင့် Quasi-fiscal expenditure Study Consultant ရွေးချယ်ခန့်အပ်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးရန်

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် (၂) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၂) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၃) ဦး၊ MOBD မှ (၅) ဦး၊ ဖိတ်ကြားထားသည့်ဌာနများမှ (၆) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းမှ (၂) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၆) ဦး၊ ကျား - ၁၄ ဦး၊ မ - ၁၂ ဦး၊ စုစုပေါင်းတက်ရောက်သူ - ၂၆ ဦး ရှိခဲ့သည်။ အစည်းအဝေးတက်ရောက်သူစာရင်းအသေးစိတ် အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၃။ Project Level Reporting လုပ်ငန်းစဉ်အတွက် Step -2 အား ဆွေးနွေးခြင်း

(၁) စီမံကိန်းမန်နေဂျာက တင်ပြရာ၌ အဆင့် (၁) အနေဖြင့် Project Definition အား အောင်မြင်စွာ အတည်ပြုခဲ့ပြီဖြစ်ကြောင်း၊ MSG အစည်းအဝေးတွင်လည်း အတည်ပြုထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ အဆင် (၂) အား ထပ်မံဆွေးနွေးရမည်ဖြစ်ကြောင်း၊ အဆင့် (၂) အနေဖြင့် ကဏ္ဍအသီးသီးမှ Revenue Stream မျိုးသည် သက်ဆိုင်ရာ စီမံကိန်းအောက်တွင် အစီရင်ခံသင့်ကြောင်း ခွဲခြားဖော်ထုတ်ရန်ဖြစ်ကြောင်း၊ အဆိုပါအဆင့်တွင် သယံဇာတတူးဖော်ထုတ်လုပ်ရေးတွင် ပေးချေ ရသည့် ပေးချေရမှုများအနက် မည်သည့်အမျိုးအစားတို့အား Project အလိုက် စည်းကြပ်သည်၊ မည်သည် တို့က ကုမ္ပဏီအလိုက်စည်းကြပ်သည်များရှိ၊ မရှိ၊ Project အလိုက် ပေးချေရမှုများကို ဖွင့်ဟထုတ်ဖော်ရန်

အတွက် မည်သို့သော အခက်အခဲ၊ စိန်ခေါ်မှုများရှိနေသည် နှင့် အခွန်ဘဏ္ဍာများကို မည်ကဲ့သို့ အစီရင်ခံရမည်ဆိုသော တွေ့ရှိချက်များအတွက် မှတ်တမ်းတင်ခြင်းများ ပြုလုပ်ရမည်ဖြစ် ကြောင်း၊ စံနှုန်း ၄.၇ Disaggregation အရ မည်ကဲ့သို့ အစီရင်ခံရမည်ကို လက်ခံရရှိမှုများကို ခွဲခြမ်းစိတ် ဖြာမှုလည်း ပြုလုပ်ရမည်ဖြစ်ကြောင်း စသဖြင့်တင်ပြခဲ့သည်။

(၂) ထို့နောက် နည်းပညာညှိနှိုင်းရေးတာဝန်ခံက ဆက်လက်တင်ပြရာ၌ စံနှုန်း 4.7 Disaggregation နှင့်ပတ်သက်၍ ပြီးခဲ့သည့်နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးတွင်လည်း ဆွေးနွေးထားပြီး ဖြစ်ကြောင်း၊ သစ်တော ကဏ္ဍမပါဝင်ပါက ပြီးခဲ့သည့်အစီရင်ခံစာအရ Revenue Stream (၅၃) ခု ရှိပါကြောင်း၊ ဌာနအလိုက် အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ အမှတ် (၁) သတ္တုတွင်း လုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း စသည့်တို့အလိုက် အစီရင်ခံစာတွင် ပါရှိသည့် Revenue stream များ အား ထည့်သွင်းထားကြောင်း၊ ပြီးခဲ့သည့် ၇-၉-၂၀၂၀ ရက်နေ့ နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲ ကော်မတီတွင် ဆွေးနွေးမှုအရ စီမံကိန်းအလိုက်တင်ပြ နိုင်သည်မှာ (၂၇) ခုရှိနှင့် ကုမ္ပဏီအလိုက်တင်ပြ နိုင်သည်မှာ (၂၅) ခုရှိကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၃) သစ်တောကဏ္ဍ Revenue stream နှင့်စပ်လျဉ်း၍ ၎င်းက ဆက်လက်တင်ပြရာ၌ သစ်တောကဏ္ဍတွင် အကောက်ခွန်ဦးစီးဌာနအနေဖြင့် Import Duties ၊ ပြည်တွင်းအခွန်များဦးစီး ဌာနအနေဖြင့် corporate income tax ၊ Commercial Tax ၊ Specific Good Tax ၊ Import Duties ၊ Capital Gain Tax ၊ Stump Duties စသဖြင့် (၆) မျိုးတွေ့ရကြောင်း၊ MTE အနေဖြင့် Royalties(Seeding Tax for local companies) ၊ သတ္တုနှင့်ဆက်စပ်သည့် Royalties ၊ မြေငှားခ (Dead Rent fees) ၊ License fees စသည့် (၄) မျိုး တွေ့ရကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် Land Rental Fees ၊ Royalty, Dividend, Forest Conservation Project Fund စသည့် (၄) မျိုးရှိသည်ဟု တွေ့ရကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် State Contribution (၁) ခုတွေ့ရကြောင်း၊ စုစုပေါင်း (၁၆) မျိုးအား တွေ့ရကြောင်း၊ စသဖြင့် တင်ပြခဲ့သည်။

(၄) နည်းပညာကျွမ်းကျင်သူကလည်း သစ်တောဦးစီးဌာနအနေဖြင့် စီမံကိန်းအဆင့်နှင့်ပတ်သက်၍ ဆောင် ရွက်နိုင်ခြင်းမရှိကြောင်း ယခင်ကတည်းက သဘောထားပြန်ကြားသည်ဟု သိရကြောင်း၊ သို့သော် ကုမ္ပဏီ အလိုက်အတွက် တင်ပြနိုင်ရန် ဆွေးနွေးရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးကလည်း အချက်အလက်ကောက်ခံရန် template တွင် Port Authority မပါသေး ကြောင်း၊ ဖြည့်စွက်ထားရန်လိုအပ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

(၅) အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း City tax နှင့် Royalty မည်ကဲ့သို့ကွာခြားသည်ကို ပေါ်လွင်စေရန် ဆွေးနွေးခဲ့ပြီး အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း အမှတ် (၁) နှင့် (၂) သတ္တုတွင်း လုပ်ငန်းတို့တွင် စီမံကိန်းအလိုက် လုပ်ကွက်တစ်ခုကနေ တစ်နှစ်အတွင်း Total Production မည်မျှ ထွက်သည်ဆိုသည်ကို ကောက်ယူ၊ မယူကိုလည်း မေးမြန်းခဲ့သည်။ နည်းပညာညှိနှိုင်းရေးတာဝန်ခံ ကလည်း Production data တောင်းသည့်အချိန်တွင် တစ်ပါတည်းပါဝင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ သည်။

(၆) အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ တာဝန်ရှိသူကလည်း မိမိတို့ဌာနအတွက် Production ဒေတာအား စာရင်းပြုလုပ်လိုက်ပါက ရှုတ်ထွေးသွားနိုင်ကြောင်း၊ နောက်ဆုံးရောင်းချပြီးမှသာ Revenue ကိုသိနိုင် ကြောင်း၊ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ယခုအဆင့်သည် Revenue Stream သတ်မှတ်နေစဉ်သာ ဖြစ်သည့်အတွက် ထပ်မံဆွေးနွေးရန်လိုအပ်ဦးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ အကောက်ခွန်ဦးစီးဌာန တာဝန်ရှိသူကလည်း မိမိတို့အနေဖြင့် Custom Duty ၊ Transit fee သာ ပေးနိုင်မည်ဖြစ်ကြောင်း၊ သစ်တောကဏ္ဍအတွက် Import duties အား Company အလိုက်သာ ပေးရနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း TOTAL E&P အနေဖြင့် သစ်တောကဏ္ဍနှင့်ပတ်သက်၍ Pipeline company ဖြစ်နေသည့်အတွက် ကုမ္ပဏီအလိုက်သာ ဒေတာပေးနိုင်မည်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Production data ပါ ပေးနိုင်ပါက corrective action အား ဖြေရှင်းပြီးသားဖြစ်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါဒေတာအား ပေးစေ ချင်ကြောင်း၊ နည်းပညာညှိနှိုင်းရေးတာဝန်ခံကလည်း အဆင့် (၃) ၌ မည်သူက မည်သည့်ပုံစံဖြင့် အစီရင်ခံ မည်ကို သတ်မှတ်လိုက်ပါက ရှင်းလင်းသွားမည်ဟု ယူဆကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၇) နည်းပညာကျွမ်းကျင်သူကလည်း သစ်တောဦးစီးဌာနနှင့် ပတ်သက်ပြီး TNRP စီမံကိန်းဆောင်ရွက် နေသည်မှာရှိကြောင်း၊ အဆိုပါစီမံကိန်းတွင်မူ ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီအလိုက် ပါဝင်နေကြသည်ဖြစ်ကြောင်းလည်း ထောက်ခံဆွေးနွေးခဲ့သည်။ ပြည်တွင်းအခွန်များဦးစီးဌာနကလည်း သစ်တောကဏ္ဍတွင် Import Duties သည် မိမိတို့ဌာနနှင့် မသက်ဆိုင်ကြောင်း၊ Custom နှင့်ပိုမိုသက်ဆိုင်ကြောင်း၊ မြန်မာ့သစ်လုပ်ငန်းမှတာဝန်ရှိသူကလည်း MTE ၌ ဖော်ပြထားသည့် Divident to MTE သည် FJV နှင့် Divident ကို ပြောခြင်း ဟုတ်၊ မဟုတ်လည်း အတည်ပြုမေးမြန်းခဲ့ရာတွင် မှန်ကန် ပါကြောင်း နည်းပညာတာဝန်ခံက ဖြေကြားခဲ့သည်။ ထို့နောက်ကိုယ်စားလှယ်များက **"Project Level Reporting Step-2 နှင့်ပတ်သက်၍ ဆွေးနွေး တင်ပြခဲ့သည့် Revenue Stream အမျိုးအစား များအား သဘောတူကြောင်း"** ဆုံးဖြတ်ခဲ့ကြသည်။

(၈) စီမံကိန်းမန်နေဂျာကလည်း အဆင့် (၃) မည်သူက မည်သည်ကို အစီရင်ခံသင့်ကြောင်း ခွဲခြားဖော်ထုတ်ခြင်း နှင့်ပတ်သက်၍ မိတ်ဆက်တင်ပြလိုကြောင်း၊ အဆင် (၃) တွင် ဖော်ပြထားသည်မှာ

နိုင်ငံအတွင်းတွင် ကုမ္ပဏီများ/ လူပုဂ္ဂိုလ်များပါဝင်လုပ်ကိုင်သည့် Project များရှိ၊ မရှိ နှင့် ရှိပါက မည်သူက အစိုးရထံသို့ ပေးချေမှုများကို ပြုလုပ်နေသနည်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ နိုင်ငံတွင်ရှိ၊ မရှိ နှင့် ရှိပါက ၎င်းတို့သည် မည်သို့သော အခန်းကဏ္ဍတွင် ပါဝင်ပတ်သတ်ပြီး ပေးချေမှုများနှင့် လက်ခံရရှိမှုများကို မည်ကဲ့သို့ ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်နေသည်ကို ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ဤအဆင့်အား နောက် အစည်းအဝေးများတွင် အသေးစိတ်ဆွေးနွေးရမည်ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေအရ စီမံကိန်း အဓိပ္ပာယ်အား မြန်မာအဓိပ္ပာယ်သတ်မှတ်ထားနိုင်ပြီဖြစ်ပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Project Level Reporting နှင့်ပတ်သက်၍ (၉) နိုင်ငံမြောက် Project အဓိပ္ပာယ် သတ်မှတ်နိုင်သည့် နိုင်ငံလည်းဖြစ်လာမည်ဖြစ်ကြောင်း၊ ယနေ့ ညနေတွင် ပြုလုပ်မည့် နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးနှင့်အစည်းအဝေးတွင်လည်း ဆွေးနွေး သွားမည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးတင်ပြ ခဲ့သည်။

## ၄။ ထုတ်ပြန်ပြီးခဲ့သော သစ်တောကဏ္ဍဆိုင်ရာ အစီရင်ခံစာများမှ Data များကို Data Portal တွင် ထုတ်ပြန် နိုင်ရန်နှင့်ပတ်သက်၍ ဆွေးနွေးခြင်း

(၁) နည်းပညာကျွမ်းကျင်သူက တင်ပြရာ၌ MEITI ၌ သစ်တောကဏ္ဍအစီရင်ခံစာ (၄) စောင်ပြုစု ထားပြီးဖြစ်ကြောင်း၊ အဆိုပါအစီရင်ခံစာများအား သုံးသပ်သည့်အလုပ်ရုံဆွေးနွေးပွဲများလည်း ပြုလုပ် ထားကြောင်း၊ အဓိက MEITI Report အတွက် Open Data သုံးနှစ်တာအစီရင်ခံစာအတွက် ရှိထားပြီး ဖြစ်သော်လည်း သစ်တောကဏ္ဍတွင် မရှိသေးပါကြောင်း၊ အစီရင်ခံစာပြုစုသည့် ဒေတာအချက်အလက် များကို ဒီဂျစ်တယ်ပြုလုပ်ရန်အတွက် Forest Trends က ၁၄-၉-၂၀၂၀ တွင် ကမ်းလှမ်းလာကြောင်း၊ အစီရင်ခံစာများတွင် ကုမ္ပဏီများနှင့်တိုက်ဆိုင်ထားသည့် ဒေတာများ၊ အချိန်ဇယားများ၊ အခြားနိုင်ငံသို့ တင်ပို့သည့်ဒေတာများ စသည်တို့လည်း ပါဝင်ပြီးဖြစ်ကြောင်း၊ Forest Trends နှင့် အတူ North Carolina, US မှ Nicholas School of the Environment, Duke University ၏ ပါမောက္ခတစ်ယောက်ဖြစ်သည့် Kim Myers နှင့်အတူ ဒေတာများအား Digitalized ပြုလုပ်သွားမည်ဟု သိရကြောင်း၊ လုပ်ငန်းခွဲကော်မတီက သဘောတူပါက Forest Trends ကို ဒေတာများအား ပေး၍ ဆောင်ရွက်စေမည်ဖြစ်ကြောင်း၊ ထို့နောက် အစိုးရ၊ လုပ်ငန်းရှင်နှင့် အရပ်ဘက်ကိုယ်စားလှယ်များက သဘောတူကြောင်း မှတ်ချက်ပြုခဲ့ကြသည်။

(၂) ထို့နောက် “**ထုတ်ပြန်ပြီးခဲ့သော သစ်တောကဏ္ဍဆိုင်ရာ အစီရင်ခံစာများမှ Data များကို Data Portal တွင် ထုတ်ပြန်နိုင်ရန်အတွက် Forest Trends ၏ ကမ်းလှမ်းမှုအား သဘောတူကြောင်း၊ လိုအပ်သည့် အသေးစိတ် ညှိနှိုင်းဆွေးနွေးမှုများအား ဆက်လက်ဆောင်ရွက်ရန်**” ဆုံးဖြတ်ခဲ့ကြသည်။

**၅။ Systematic Disclosure Feasibility Study Consultant နှင့် Quasi-fiscal expenditure Study Consultant ရွေးချယ်ခန့်အပ်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခြင်း**

(၁) USAID-TIGA မှတင်ပြရာ၌ Systematic Disclosure နှင့်စပ်လျဉ်း၍ တင်ပြရာ၌ Consultant ငှားရမ်းခန့်အပ်ရာ၌ Individual Recruitment နှင့် Firm Recruitment မတူကြောင်း၊ REOI ခေါ်စဉ်က Individual Recruitment ဖြင့် ကြေညာခဲ့ကြောင်း၊ သို့သော် ကြေညာပြီးနောက် အခြားနိုင်ငံများတွင်လည်း Firm ဖြင့်သာ ဆောင်ရွက်သည်ဟု လေ့လာသိရှိရသဖြင့် ယခင် REOI အား ပြင်ဆင်မွမ်းမံထားကြောင်း၊ ထိုပြင်ဆင်ထားသည့် REOI ၌ USAID Policy အရ သတ်မှတ်ထားသော illegible မဖြစ်သည့်နိုင်ငံစာရင်းအား ထည့်သွင်း ဖော်ပြ ထားကြောင်း၊ သတ်မှတ်နိုင်ငံစာရင်း၌ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီများနှင့် အမေရိကန်၌ မှတ်ပုံတင်ထားသည့်ကုမ္ပဏီများ လျှောက်ရန်အကျုံးဝင်ကြောင်း၊ ပြင်ဆင်ထားသည့် REOI အား NCS ကို ပြန်ပို့ထားမည် ဖြစ်ကြောင်း၊ ပထမအကြိမ် REOI ကြေညာစဉ်က လျှောက်ထားသည့်အဖွဲ့ (၃) ဖွဲ့၏ နိုင်ငံအခြေစိုက်ကို ပြန်လည် စိစစ်ရမည်ဖြစ်ကြောင်း၊ အကျုံးမဝင်ပါက ရွေးချယ်၍မရကြောင်း၊ အချို့သည် တွဲ၍ လျှောက်ကြသည်များရှိပြီး နိုင်ငံခြားအခြေစိုက်နှင့် မြန်မာပြည်အခြေစိုက် Partner လည်း ပြန်စိစစ်ပြီး Partner အမည်နှင့် ပြန်လျှောက် ခိုင်းရမည်ဖြစ်ကြောင်း၊ နောက်အချက်အနေဖြင့် ရွေးချယ်လိုသည့် အဖွဲ့များကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်စေခြင်း ပြုလုပ်ရမည်ဖြစ်ကြောင်း စသဖြင့် မိတ်ဆက်တင်ပြခဲ့သည်။

(၂) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက Consultant ရွေးချယ်မှုသည် သုံးပွင့်ဆိုင်အဖွဲ့က ရွေးရမည်ဖြစ်ကြောင်း၊ ထိုသို့ရွေးချယ်သည့်အခါ လုပ်ငန်းအတွေ့အကြုံအပေါ် အခြေခံ၍ ရွေးချယ် ရသဖြင့် MSG ရွေးချယ်သည့်အဖွဲ့အား ရွေးချယ်နိုင်ရန် ပြင်ဆင်ပေး၍ရနိုင်၊ မရနိုင် နှင့် အချိန်ပို၍ ကြန့်ကြာသွားမည်ကိုလည်း စိုးရိမ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

(၃) USAID-TIGA မှ တာဝန်ရှိသူကလည်း ပထမဆုံးအနေဖြင့် ရွေးသည့်အဖွဲ့စာရင်း ထွက်လာရမည်ဖြစ်ကြောင်း၊ ထို့နောက် အဖွဲ့နှင့် လျှောက်ထားရန် အမည်စာရင်းပြောင်း လျှောက်ခြင်းမျိုးရှိရမည်ဖြစ်ကြောင်း၊ သို့မဟုတ်လျှင် illegible မဖြစ်ပါက အဆင်မပြေကြောင်း၊ အချိန်တစ်ခုယူရမည်ဖြစ်ကြောင်း၊ ရွေးချယ်ရန် Score Sheet တစ်ခု ဖြင့် သတ်မှတ်၍ ကုမ္ပဏီအမည်သိလာပါက ပိုမြန်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း Score Sheet ဖြည့်၍ ရွေးချယ်ခြင်း၊ ရွေးချယ်ရေးကော်မတီမှရွေးချယ်ခြင်း သို့မဟုတ် နည်းပညာနှင့် အစီရင်ခံစာ ကော်မတီက ရွေးချယ်ခြင်းနှင့် အင်တာဗျူးခြင်း စသည်တို့အား သတ်မှတ်ပေးရန်လည်း တင်ပြခဲ့သည်။

(၄) အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့အနေဖြင့် နည်းပညာပိုင်း အနည်းငယ် အလှမ်းဝေးသည့် အတွက် အရပ်ဘက်၏ သဘောထားအား မေးမြန်းလိုကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် များကလည်း အကြောင်းပြန်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၅) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း QFE Consultant ရွေးချယ်မှုနှင့်ပတ်သက်၍ QFE Score Sheet အား ပြန်လည် သုံးသပ်သင့်ကြောင်း၊ ကဏ္ဍတစ်ခုလျှင် တစ်ဦးကလည်းကောင်း၊ အခြားကဏ္ဍ များကလည်း တစ်ဦးစီ စသဖြင့် ဖြည့်သွင်းသင့်ကြောင်း၊ ယခုတွင် အစိုးရမှ နှစ်ဦးနှင့် လုပ်ငန်းရှင်မှ နှစ်ဦး၊ အရပ်ဘက်မှ တစ်ဦးသာ ဖြည့်သွင်းထားသဖြင့် အမှတ်စာရင်းများပေါင်းသည့်အခါ ဘက်မမျှသကဲ့သို့ ဖြစ်နေမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ရွေးချယ်ရေး ကော်မတီတွင် အရေအတွက် (၇) ဦးဖြစ်နေသဖြင့် အစိုးရ (၂) ဦး၊ လုပ်ငန်းရှင် (၂) ဦး နှင့်အရပ်ဘက် (၂) ဦး ဖြင့်ရွေးချယ်လိုကြောင်း၊ လုပ်ငန်းရှင်မှ ကော်မတီတွင် (၃) ဦးဖြစ်နေသဖြင့် တစ်ဦးအား အရေအတွက် လျော့၍ ဘက်မျှစေရန် ရွေးချယ်သင့်ကြောင်း စသဖြင့် အဆိုပြုဆွေးနွေးခဲ့သည်။

**၆။ Commodity Trading Report နှင့်ပတ်သက်၍ ဆွေးနွေးခြင်း**

(၁) BDO မှ ဆွေးနွေးရာ၌ Limitation ၊ Summary of Reconciliation ၊ Revenues of the sector နှင့် Recommendations ဟူ၍ အပိုင်း (၄) ပိုင်းဖြင့်တင်ပြသွားမည်ဖြစ်ကြောင်း၊ Limitations ၌ MOGE နှင့်အခြားဌာနများအကြား အဝယ်သဘောတူညီမှု စာချုပ်များ မရရှိပါကြောင်း၊ နမူနာစာချုပ်များသာ ရရှိပါကြောင်း၊ နောက်ဆက်တွဲတွင် ဖော်ပြထားကြောင်း၊ Buyers များကို ခွဲဝေပေးသည့် အသေးစိတ် အချက်အလက်များ မရခဲ့ပါကြောင်း၊ General allocation process သာရရှိပါကြောင်း၊ အစီရင်ခံစာ၏ အပိုင်း (၃.၅) တွင် ကြည့်နိုင်ပါကြောင်း၊ Pricing methodology အသေးစိတ်မရရှိပါကြောင်း၊ မည်သည့် ဈေးနှုန်းအား မည်သည့်နည်းလမ်းဖြင့် တွက်ချက်သည်ဆိုသည့် ယေဘုယျနည်းလမ်းသာ ရရှိပါကြောင်း၊ အစီရင်ခံစာ၏ အပိုင်း ၃.၇ တွင်ဖော်ပြထားကြောင်း၊ ထို့အပြင် 1937 Petroleum Rule မရရှိခဲ့ပါကြောင်း၊

(၂) Reconciliation Summary အပိုင်း၌ MOGE စုစုပေါင်းရရှိမှုသည် မြန်မာကျပ် ၁,၁၇၉,၁၉၅ ရှိကြောင်း၊ Initial Data နှင့် Adjustment Data ကြည့်ရင်သိမည်ဖြစ်ပြီး ဝ.၄၈% ကွာခြားကြောင်း၊ ရေနံနှင့်ဓါတ်ငွေ့အရောင်း၌ ဝယ်ယူသည့်ကုမ္ပဏီများနှင့်အစိုးရအကြား တိုက်ဆိုင်ထားပြီး ကွာဟ ချက်အား အနှုတ်ကွာခြားချက် ၊ အပေါင်းကွာခြားချက်ဖြင့် ဖော်ပြထားကြောင်း၊ စုစုပေါင်းရောင်းချသည့် ပမာဏအနေဖြင့် ဓါတ်ငွေ့အတွက် MOGE အနေဖြင့် ၁၂၄,၆၀၁ MMscf နှင့် ခြားနားချက်ပမာဏ ၆,၀၁၈ MMScf ကွာခြားသည်ကိုတွေ့ရကြောင်း၊ ရေနံစည် ၁.၉ မီလီယံ bbl ရောင်းချမှုရှိကြောင်း၊ ကဏ္ဍအလိုက် Revenue တွင် သဘာဝဓါတ်ငွေ့အရောင်းမှ Revenue ၉၀ ရာခိုင်နှုန်း ရောင်းချမှုရှိပြီး ရေနံအရောင်းမှ

၁၀ ရာခိုင်နှုန်းရှိကြောင်း၊ ရေနံအရောင်းမှ Revenue ၁၂၀ ဘီလီယံကျပ် နှင့် ဓါတ်ငွေ့အရောင်းမှ ၁၀၀၀ ဘီလီယံကျပ်ကျော်အသီးသီးဖြစ်ကြောင်း၊ ကမ်းလွန် ဓါတ်ငွေ့ရောင်းချမှု၌ ၉၈% နှင့် MMscf ၁၁၅,၁၃၉ နှင့် ကုန်းတွင်းရောင်းချမှု ၂% နှင့် MMscf ၉,၄၆၂ ရှိကြောင်း၊ ၂၀၁၇-၁၈ ခုနှစ်အတွက် ကုမ္ပဏီအလိုက် ဓါတ်ငွေ့အရောင်းမှ ဘဏ္ဍာငွေ ရရှိမှုအများဆုံး (၅) ခုတွင် EPGE ၉၄% ၊ MEC 2.31% ၊ MPE 1.22%, MOPFI 0.91% ၊ International Glass Company 0.52% များဖြစ်ပြီး အခြားကုမ္ပဏီများမှ ၁.၀၁% သာရှိကြောင်း၊

(၃) အကြံပြုတိုက်တွန်းချက် (Recommendation) အပိုင်း၌ ပထမအချက်အနေဖြင့် DMO ရောင်းချမှုများအား ပြန်လည်သုံးသပ်ရန်အချက်ဖြစ်ကြောင်း၊ စာချုပ်သတ်မှတ်ချက်များ၌ PSC %, PCC %, IPR % စသည်ရာခိုင်နှုန်းအသီးသီးရှိကြောင်း၊ DMO ၌ company အလိုက် ရောင်းချသည့် ပမာဏများတွင် အချို့ကုမ္ပဏီများသည် PSC အရ ရရှိရမည့် ရာခိုင်နှုန်းများအား ရရှိမနေဟု တွေ့ရကြောင်း၊ PCC တွင်လည်း ဥပမာအားဖြင့် ရေနံ၌ Gold Petrol တွင် ၄,၄၂၅ bbl ရရှိသည်ဟု တွေ့ရကြောင်း၊ PCC အရဆိုပါက ၁၀ ရာခိုင်နှုန်းဝယ်ယူရမည်ဖြစ်ပြီး သို့သော် ဝ.၅၃ ရာခိုင်နှုန်းဝယ်ယူမှု သာတွေ့ရကြောင်း၊ Posco Daewoo တွင် စာချုပ်များတွင်သတ်မှတ်ထားသည့် PSC, PCC, IPR များပါ ရာခိုင်နှုန်းများ နှင့် ကိုက်ညီမှုမရှိကြောင်း၊ PCC 75%, PSC 90%, IPR 75% စသည့် market prices များရှိသော်လည်း ထို့အတိုင်းမဟုတ်ဘဲ MOGE အနေဖြင့် Market Price ထက်ကျော်လွန်ပြီး ဝယ်ယူထားသည်ကို တွေ့ရကြောင်း၊ PSC တွင် Higher Price နှင့်ဝယ်ထားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့်၊ DMO အား ပြန်လည်ရှင်းလင်းခြင်း ပြုလုပ်ရန်နှင့် ကွဲလွဲရသည့်အကြောင်းအရင်းများအား Stakeholders များနှင့် ညှိနှိုင်းရန်အကြံပြုထားကြောင်း၊ နောက်အချက်အနေဖြင့် MOGE ၏ Other Account များအား ပြန်လည် သုံးသပ်ရန်ဖြစ်ကြောင်း၊ ကမ်းလွန်နှင့်ကုန်းတွင်းလုပ်ကွက် အရောင်းများသည် ပြန်တိုက်ဆိုင်ညှိနှိုင်း သည့်အခါ ကွာဟချက်များ တွေ့ရကြောင်၊ ကွာဟချက်များအား MOGE နှင့် ရှင်းလင်းရန်နှင့် OA Transfer ပြုလုပ်မှုများအား MOGE Data နှင့် ပြန်လည်စိစစ်အတည်ပြုရန် အကြံပြုထားကြောင်း၊

(၄) အကြံပြုတိုက်တွန်းချက် နောက်အချက်တစ်ခုအနေဖြင့် Data Comprehensive & Reliability ဖြစ်ကြောင်း၊ Reporting Template များဖြည့်သွင်းရာ၌ ကုမ္ပဏီများအနေဖြင့် စာရင်းစစ်အစီရင်ခံစာ မိတ္တူ၊ မူရင်းလက်မှတ်များဖြင့် NCS ရုံးသို့ ပေးပို့ရကြောင်း၊ ကုမ္ပဏီမှ Chief Finance Officer သို့မဟုတ် ဒါရိုက်တာမှ Template တွင် လက်မှတ်ထိုး၍ ပေးပို့ရကြောင်း၊ အစိုးရဌာနများနှင့် SOE များတွင် ဌာန တာဝန်ခံက လက်မှတ်ထိုး၍ စာရင်းစစ်ချုပ်ရုံးအတည်ပြုချက်ဖြင့် ဆောင်ရွက်ရကြောင်း၊ Reporting template အား ကုမ္ပဏီ ၁၁၅ ခုအနက် ၈၃ ခုကသာ ဖြည့်သွင်းပေးပို့လာကြောင်း၊ ဓါတ်ငွေ့အရောင်းအား ၉၈% ရာခိုင်နှုန်း ကိုယ်စားပြုကြောင်း၊ အသေးစိတ်များအား နောက်ဆက်တွဲ (၅) တွင် ဖော်ပြထား ကြောင်း၊ အမှန်တကယ်၌ Certified template များအား ၁၁၅ ခုအနက် ၄၆ ခုကသာပေးပို့ခြင်း ဖြစ်ကြောင်း၊ စုစုပေါင်းဓါတ်ငွေ့အရောင်း၏ ၉၅% ကျော် ကိုယ်စားပြုကြောင်း၊ legal sign အား ၇၁

ခုကသာ ဖြည့်သွင်းထားပြီး ၉၈% ကျော် ကိုယ်စားပြုကြောင်း၊ ထို့ကြောင့် MSG အနေဖြင့် တွင်းထွက်ကဏ္ဍ Stakeholders များ၊ ပါဝင်သည့် ကုမ္ပဏီများအား ဖိတ်ခေါ်ဆွေးနွေး၍ Reporting templates များ ပိုမို ဖြည့်သွင်းလာစေရန် ညှိနှိုင်းရန် အကြံပြုထားကြောင်း၊

(၅) နောက်အချက်အနေဖြင့် မြန်မာနိုင်ငံ၏ Commodity Trading လုပ်ငန်းစဉ်တွင် BO Disclosure အား မဖြစ်မနေပါဝင်လာစေရန်ဖြစ်ကြောင်း၊ O&G ဝယ်သူများနှင့်အစိုးရအကြား BO disclosure agreement တစ်ခုပြုလုပ်ထားရန် အကြံပြုထားကြောင်း၊

(၆) နောက်အချက်အနေဖြင့် EITI အချက်အလက်များအား Systematic Disclosure ပြုလုပ်သည့်အခါ၌ Downstream sector data များအား ပါဝင်ရန်အကြံပြုကြောင်း၊ တွင်းထွက်ကဏ္ဍစီမံအုပ်ချုပ်မှုတွင် ပွင့်လင်းမြင်သာစေရန်အတွက် reporting system အား websites ၊ database ၊ Annual Progress Report ၊ web portals စသည်တို့နှင့် အစီရင်ခံခြင်းဖြင့် ပွင်းလင်းမှုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ Mainstream အား သုံးသပ်ကြည့်ရာတွင် Downstream sector နှင့်ပတ်သက်၍ အများပြည်သူလက်လှမ်းမီရန် လိုအပ်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အကြံပြုထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် MSG အနေဖြင့် သက်ဆိုင်ရာ Stakeholders များပါဝင်၍ Systematic Disclosure အတွက် Downstream sector ဒေတာများအား အများပြည်သူလက်လှမ်းမီစေရန် ဆွေးနွေးသင့်ကြောင်း၊

(၇) နောက်အချက်အနေဖြင့် MOGE မှ ရောင်းချသည်ပမာဏနှင့်ရရှိသည့်ဒေတာအား တိုက်ဆိုင်သင့်သည်ဟု အကြံပြုထားကြောင်း၊ ရေနံနှင့်ဓါတ်ငွေ့ Revenue အမျိုးအစားများ၌ Royalty ၊ In-kind taxation ၊ DMO နှင့် ဈေးနှုန်းအပြည့်ဖြင့် ရောင်းသည့် Domestic sales များပါဝင်ကြောင်း၊ ဓါတ်ငွေ့၌ MOGE မှ ရောင်းသည့်ပမာဏ ၁၂၅,၁၁၀ MMscf နှင့် ရရှိသည့်ပမာဏ ၁၁၆,၂၁၁ MMscf တို့ဖြစ်ပြီး ခြားနားချက်သည် ၈,၈၉၉ MMscf ဖြစ်ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ရေနံတွင် MOGE မှ ရောင်းသည့်ပမာဏ ၁,၉၇၈,၂၇၅ ဆီပေါင်းနှင့် MOGE မှ ရရှိသည့်ပမာဏ ၁,၃၁၇,၀၃၉ ဆီပေါင်းဖြစ် ကြောင်း၊ ခြားနားချက်အနေဖြင့် ၆၆၁,၂၃၆ ဆီပေါင်း ရှိကြောင်း၊ ခြားနားချက်ရာခိုင်နှုန်း ၅၀ % ရှိကြောင်း၊ အကြံပြုချက်အနေဖြင့် MSG မှ ကွာဟရသည့်အကြောင်းရင်းများနှင့်အခြေအနေများအား ရှင်းလင်းဆွေး နွေးရန် အကြံပြုပါကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၈) အစိုးရဌာနမှတာဝန်ရှိသူကလည်း ဓါတ်ငွေ့ (၈) ရာခိုင်းနှုန်း နှင့် ရေနံ ၅၀ ရာခိုင်နှုန်း ကွာဟနေသည်နှင့် ပတ်သက်၍ ရှင်းလင်းချက်အား စက်တင်ဘာလ (၁) ရက်နေ့တွင် ပေးပို့ထားပြီးဖြစ်ကြောင်း၊ MOGE ၏ Internal အသုံးစရိတ်များ ပါဝင်ထားခြင်းကြောင့် ဖြစ်ကြောင်း၊ ရေနံစိမ်းသဘာဝအရ လက်ကျန်စာရင်း များနှင့် ပြန်ရောင်းသည့်အခါ၌ များသွားခြင်းဖြစ်ကြောင်း၊ စတော့

လက်ကျန်များကြောင့်လည်း ကွာခြားခြင်းဖြစ်ကြောင်း၊ အသေးစိတ်အား ထပ်မံပေးပို့နိုင်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၉) BDO ကတာဝန်ရှိသူကလည်း အသေးစိတ်ရှင်းလင်းချက်ရပါက ကွာခြားချက်အတွက် ရှင်းလင်းနိုင်မည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ အစိုးရဌာနကတာဝန်ရှိသူကလည်း ပြီးခဲ့သည့် နှစ်အသေးစိတ်လက်ကျန်၊ လက်ရှိနှစ်အဝင်၊ Sale quantity ၊ Balance တို့နှင့်ပတ်သက်၍ ဓါတ်ငွေ့ကွာခြားချက်နှင့် ပတ်သက်၍လည်း ရှင်းလင်းချက်ပေးပို့မည်ဖြစ်ကြောင်းလည်း ပြန်လည်ဆွေးနွေးခဲ့သည်။

(၁၀) လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း PSC % များနှင့်ပတ်သက်၍ ကုမ္ပဏီများသည် MOGE အား Domestic Market အရ ရောင်းခြင်းဖြစ်ကြောင်း၊ Posco Daewoo ၊ Gold Petrol တို့သည် DMO အား MOGE သို့ လွှဲပေးကြောင်း ဆွေးနွေးခဲ့သည်။ MOGE အနေဖြင့် ထို့အတွက် မှတ်ချက်တစ်ခုခုပေးသင့်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

(၁၁) အစိုးရဌာနတာဝန်ရှိသူကလည်း DMO အနေဖြင့် ဈေးနှုန်းမလျှော့ခဲ့ဟု TOATAL ၏ Template ဖြည့်ရာတွင် မဖော်ပြထားကြောင်း၊ သို့သော် Daewoo ၏ အေ ၃ လုပ်ကွက်တွင် ဖြည့်ထားကြောင်း၊ Daewoo သည် Template တွင် ဖြည့်ထားမှုသည်လည်းကိုက်ညီနေသဖြင့် ခွင့်ပြုပေးခဲ့ကြောင်း၊ DMO ကိုမည်မျှပေးရမည်ဆိုသည့် နှုန်းဖြင့် MOGE ကပေးလိုက်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၁၂) ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံကိန်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကလည်း Total ၏ DMO ကိစ္စနှင့် ပတ်သက်၍ ယခင်နှစ်အစီရင်ခံစာတွင်ကတည်းက ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ In-kind, In-cash တို့အား ရှင်းလင်းထားပြီးဖြစ်၊ မည်ကဲ့သို့ ရှင်းပေးရမည်ကို သိလိုကြောင်းလည်း မေးမြန်းခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်ကလည်း MOGE အား DMO သတ်မှတ်ချက်အရ Delivered ပြုလုပ်ခဲ့ကြောင်း ပေါ်လွင်စေချင်ကြောင်း၊ ထို့အတွက် မှတ်ချက်ပြန်ကြားပေးရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၁၃) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း IA အနေဖြင့် မိမိတို့၏ မှတ်ချက်များ ပြန်မပြင်ထားသည်ကို တွေ့ရကြောင်း၊ Buyer information, Pricing Methodology ၊ Petroleum and Petroleun Rules Draft စသည်များအား Limitation တွင် ပြန်လည်ပါဝင်နေသည်ကို တွေ့ရကြောင်း၊ အဆိုပါအခြေအနေများ အား ပြင်ဆင်ထားသည်မရှိကြောင်း၊ MOGE မှ ကျန်ရှိနေခြင်း သို့မဟုတ် IA မှ ပြင်ဆင်ထားမှု ရှိ၊ မရှိ ဆိုသည်ကို သိရှိလိုကြောင်း၊ IA အနေဖြင့် မည်သည့်ကြောင့် Pre-final Version အား တင်လာသည်ကို မေးမြန်းလိုကြောင်း စသဖြင့် မေးမြန်းခဲ့သည်။

(၁၄) အစိုးရကိုယ်စားလှယ်ကလည်း Petroleum and Petroleum Products Law 2017 အား Launch လုပ်ပြီးဖြစ်ကြောင်း၊ ယခု နည်းဥပဒေဆွဲနေစဉ်ဖြစ်ကြောင်း၊ အချိန် နှစ်လခန့်ကြာဦးမည်ဖြစ်ကြောင်း၊ MPPE သည် SOE မှ PPRD သို့ ပြောင်းသွားကြောင်း၊ ဝန်ကြီးဌာနအတွင်း နည်းဥပဒေရေး ဆွဲနေစဉ်ကာလဖြစ်နေသဖြင့် အဆိုပါ အချက်အလက်ပါဝင်သေးမည်မဟုတ်ကြောင်း စသဖြင့် ပြန်လည်ရှင်းလင်းခဲ့သည်။

(၁၅) အရပ်ဘက်ကိုယ်စားလှယ်ကလည်း ၁၉၃၇ Oil and Gas Production Law ဟု ပြထားကြောင်း၊ ထို့ကြောင့် နည်းဥပဒေမရပါကလည်း မေးမြန်းရမည့်တာဝန်သည် IA တွင်တာဝန်ရှိကြောင်း၊ မူကြမ်းဆိုပါက မည်သည့်အနေအထားရှိသည်ကို IA အနေဖြင့် လွှတ်တော်၊ ဌာန စသည်တို့အား မေးမြန်းရမည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၁၆) အစိုးရဌာနတာဝန်ရှိသူကလည်း ၁၉၃၄ ခုနှစ် Petroleum Product Law ရှိကြောင်း၊ ၁၉၃၇ နည်းဥပဒေ ရှိကြောင်း၊ ၁၉၃၄ နည်းဥပဒေသည်ပြင်နေစဉ်အခြေအနေရှိကြောင်း၊ ပြင်နေစဉ်ကာလတွင်လည်း Upstream Law အား ပြည်သူ့လွှတ်တော်တွင် တင်ထားကြောင်း၊ နည်းဥပဒေကိုလည်း ပြင်ဆင် နေပါကြောင်း၊ ပြင်ဆင်တင်ပြပြီးမှ ထုတ်ပြန်မည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၁၇) ထို့နောက် IA မှ MATA ၏ မှတ်ချက်များအား ပြင်ဆင်ထားသည်များအား တစ်ချက်ခြင်းစီ တင်ပြရှင်းလင်းခဲ့သည်။ ထို့နောက် အရပ်ဘက်ကိုယ်စားလှယ်က အဓိကအချက်သည် ဌာန၏ အချက်အလက်များကို တင်ပြရာ၌ OAG Verification ရရှိထားမှု ရှိ၊ မရှိနှင့် Verification ရမှသာ Adjustment ပြုလုပ်ထားမှုအား လက်ခံမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ အစီရင်ခံစာ (Pre-final) ကိုလည်း ယနေ့နံနက်မှသာ ရရှိသည့်အတွက် ဖတ်ရှုပြင်ဆင် ရန်အချိန်မရကြောင်း၊ ထို့ကြောင့် အသေးစိတ် ပြန်ကြားမည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၁၈) BDO က တာဝန်ရှိသူကလည်း ဌာနများက ပေးပို့သည့် Template များသည် OAG Verified ပြုလုပ်ထားပြီး ပေးပို့ ခြင်းဖြစ်ကြောင်း၊ သို့သော် Adjustment ပြုလုပ်ရာ၌ ဒေတာများအား IA ၏ Methodology အရ ထပ်မံ၍ OAG Verified ပြုလုပ်ခြင်းမရှိကြောင်း၊ ပြီးခဲ့သည့်အစီရင်ခံစာများတွင်လည်း ထိုကဲ့သိုပင်ဖြစ်ကြောင်း၊ အခြားနိုင်ငံများ တွင်လည်း ထိုနည်းအတိုင်းပင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းလည်း ပြန်လည်ရှင်းလင်းခဲ့သည်။

(၁၉) ထို့နောက် Commodity Trading Report အပေါ် သဘောထားမှတ်ချက်ပြန်ကြားရမည့်ရက်အား ဆွေးနွေးကြရာ၌ “Commodity Trading Report (Pre-final) အပေါ် မှတ်ချက် များအား ၂၅-၉-၂၀၂၀

ရက်နေ့ နောက်ဆုံးထား၍ IA သို့ ပြန်ကြားပေးရန်နှင့် IA ကလည်း မှတ်ချက်များအား လိုက်ပါ ပြင်ဆင်ပေးရန်” ဆုံးဖြတ်ခဲ့ကြသည်။

(၂၀) Commodity Trading Report (Pre-final) ပါ အကြံပြု တိုက်တွန်းချက်တွင် MOGE နှင့်ပတ်သက်၍လည်း “Reconciliation of the quantity collected by MOGE with the quantity sold” တွင် ဓါတ်ငွေ့၊ ရေနံ ကွာခြားချက်များနှင့်စပ်လျဉ်း၍ MOGE မှ ရှင်းလင်း ချက်များအား ၂၅-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA သို့ ပြန်လည် ပေးပို့ပေးရန် ရေနံနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်အသေးစိတ် လက်ကျန် စာရင်း၊ အစီရင်ခံသည့် နှစ်အဝင်စာရင်း၊ Sale quantity ၊ Balance တို့နှင့်ပတ်သက်၍ ရှင်းလင်းချက်များ၊ ဓါတ်ငွေ့နှင့် ပတ်သက်၍ ကွာဟချက်အပေါ် အသေးစိတ်ရှင်းလင်းချက်များအား IA သို့ ပြန်လည် ပေးပို့ရန်” ဆုံးဖြတ်ခဲ့သည်။ “DMO Obligation နှင့်ပတ်သက်၍ Domestic Market အရ ကုမ္ပဏီ များမှ MOGE ထံသို့ စာချုပ်ပါအတိုင်း Deliver ပြုလုပ်ထားမှုအခြေအနေများအား IA ထံသို့ မှတ်ချက်ပြန်ကြားပေးရန်အတွက် MOGE မှ ၂၅-၉-၂၀၂၀ ရက်နေ့နောက်ဆုံးထား၍ ပြင်ဆင် ပြန်ကြား ပေးရန်” ဆုံးဖြတ်ခဲ့ကြသည်။

**၇။ Systematic Disclosure Feasibility Study Consultant နှင့် Quasi-fiscal expenditure Study Consultant ရွေးချယ်ခန့်အပ်ရေးတို့နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခြင်း**

(၁) ထို့နောက် Quasi-fiscal expenditure Consultant ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ဆက်လက် ဆွေးနွေးကြရာ၌ စီမံကိန်းမန်နေဂျာက ဆွေးနွေးရာတွင် ပြီးခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာ အစည်း အဝေးများတွင် ဆုံးဖြတ်ထားသည့်အမှတ်ပေး၍ ဆောင်ရွက်ခဲ့ကြောင်း၊ ကိုယ်စားလှယ်များက ပေးပို့ လာသည့် Score Sheet များအရ ဖြည့်သွင်းသည့် အမှတ်စာရင်းသည် Aung Saw Tun (232.1) ၊ Myo and Myo (256) ၊ Andrew and Khin Saw Htay (327.5) တို့ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များ၏ အမှတ်ပေးမှုအရ Andrew and Khin Saw Htay အဖွဲ့သည် အမှတ်အများဆုံးဖြင့် ၃၂၇.၅ ဖြင့် ရရှိကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၂) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Systematic Disclosure နှင့် စပ်လျဉ်း၍ ရွေးချယ်ရေး ကော်မတီမှ ရွေးချယ်ရန် အကြံပြုကြောင်း၊ အဆိုပါကော်မတီတွင် (၇) ဦးရှိကြောင်း၊ ကဏ္ဍတစ်ခုကို (၂) ယောက်ဆိုပါက အဆင်ပြေပါကြောင်း၊ ထို့အတိုင်း မျှတစေရန် ဆောင်ရွက်စေချင်ကြောင်း၊ ယခု QFE ရွေးချယ်ရေးအတွက်မူ မူလအတိုင်းဆက်လက်ဆောင်ရွက်စေချင်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၃) ထို့နောက် **“Quasi-fiscal Expenditure Consultant ရွေးချယ်မှုနှင့် ပတ်သက်၍ အမှတ်ပေးရလဒ်အတိုင်း အတည်ပြု၍ ဆက်လက်ဆောင်ရွက်ရန်၊ အမှတ်အများဆုံးရသည့်အဖွဲ့အား လိုအပ်သည့် အင်တာဗျူး နှင့်အသေးစိတ် ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန်”** ဆုံးဖြတ်ခဲ့သည်။

(၄) Systematic Disclosure Feasibility Study Consultant နှင့်စပ်လျဉ်း၍ ရွေးချယ်ရေးကော်မတီ၌ လုပ်ငန်းရှင်ကဏ္ဍ၌ ကိုယ်စားလှယ်တစ်ဦးပိုနေသဖြင့် သစ်တောကဏ္ဍလုပ်ငန်းရှင်ကိုယ်စားလှယ်က မိမိအနေဖြင့် ယခုတစ်ကြိမ်တွင် အခြားသူများကို ဦးစားပေးလိုကြောင်း၊ ထို့ကြောင့် မိမိအား ချန်လှပ်ထား၍ရကြောင်းလည်း ဆွေးနွေးခဲ့သည်။ TOTAL မှ တာဝန်ရှိသူကလည်း မိမိ၏ ပါဝင်နိုင်မှုအခြေအနေအား ရုံးအဖွဲ့သို့တင်ပြ၍ အကြောင်းပြန်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

(၅) USAID-TIGA မှတာဝန်ရှိသူကလည်း ရွေးချယ်ရာ၌ Firm (အဖွဲ့) ကိုသာ ရွေးရမည်ဖြစ်သဖြင့် မည်သည့်အဖွဲ့ကို ရွေးချယ်လိုသည်ကို ဆုံးဖြတ်ထားရမည်ဖြစ်ကြောင်း၊ ထို့နောက်မှ အဆိုပါ အဖွဲ့အနေဖြင့် လိုအပ် ချက်များရှိ၊ မရှိနှင့်အကျုံးဝင်ခြင်း ရှိ၊ မရှိကို သုံးသပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ NCS အနေဖြင့် ထိုသို့သုံးသပ်နိုင်ရန် အနှစ်ချုပ်ဇယားပြုလုပ်ထားခြင်းရှိ၊ မရှိကိုလည်း မေးမြန်းဆွေးနွေးခဲ့သည်။ NCS ၏ စီမံကိန်းမန်နေဂျာကလည်း မိမိတို့အနေဖြင့် အနှစ်ချုပ်ဇယားပြင်ဆင်၍ ပေးပို့နိုင်ကြောင်းလည်း ဆွေးနွေး ခဲ့သည်။ ထို့နောက် နောက်တစ်ကြိမ် ပြန်လည်ကြေညာမည့် REOI နှင့်စပ်လျဉ်း၍ တစ်ပတ် ကာလအချိန်သတ်မှတ်၍ ဆောင်ရွက်ရန် သဘောတူခဲ့ကြပြီး နောက်တစ်ကြိမ်ကြေညာမှုမှ အားသာချက် များသည့် အဖွဲ့များပါဝင်လာပါကလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့ကြသည်။

(၆) ထို့နောက် **“Systematic Disclosure Feasibility Consultant ရွေးချယ်ရန်အတွက် ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီမှ အစုအဖွဲ့တစ်ခုစီက နှစ်ဦးစီပါဝင်၍ ရွေးချယ်ပေးရန်၊ လုပ်ငန်းရှင် ကဏ္ဍအတွက် TOTAL မှ ပါဝင်နိုင်မှုအခြေအနေအား ပြန်လည်အကြောင်းပြန်ပေးရန်၊ ရွေးချယ်ရေး ကော်မတီ အစည်းအဝေးအား လာမည့်အပတ်တွင် ညှိနှိုင်းကျင်းပရန်၊ Systematic Disclosure Feasibility Consultant အတွက် Revised REOI အား တစ်ပတ်အချိန်သတ်မှတ်၍ ကြော်ငြာရန်၊ REOI Link အား ကိုယ်စားလှယ်များထံမျှဝေပေးရန်၊ ပထမအကြိမ် လျှောက်ထားသည့်အဖွဲ့များအပေါ် Summarized ပြုလုပ်၍ NCS မှ မျှဝေပေးရန်၊ USAID-TIGA မှလည်း Score Sheet ပြင်ဆင်၍ မျှဝေရန်၊ Revised REOI ကြော်ငြာသည့်အခါ၌ အားသာချက်များသည့် အဖွဲ့များပါဝင်လာပါက ထည့်သွင်း စဉ်းစားသွားရန်**” စသဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

# နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက် Virtual Meeting

| စဉ် | ဆုံးဖြတ်ချက် | တာဝန်ရှိသူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | Project Level Reporting Step-2 နှင့်ပတ်သက်၍ ဆွေးနွေးရာ၌<br>• ဆွေးနွေးတင်ပြခဲ့သည့် Revenue Stream အမျိုးအစားများအား သဘောတူသည်။<br><br>(ဆွေးနွေးချက်များ - သစ်တောကဏ္ဍ၌ IRD ဌာနအတွက် ဖော်ပြထားသည့် Revenue Stream များအနက် Import Duties သည် IRD နှင့် မသက်ဆိုင် ကြောင်း၊ MCD နှင့် ပိုမိုသက်ဆိုင်နိုင်ကြောင်း၊ MCD အနေဖြင့် Main Sector များအတွက် Custom Duty ၊ Transit Fee များသာ ပေးနိုင်ကြောင်း၊ သစ်တောကဏ္ဍအတွက် Import Duties အား Company အလိုက်သာ ပေးနိုင်မည်ဖြစ်ကြောင်း၊ TOTAL အနေဖြင့် သစ်တောကဏ္ဍ Revenue အတွက်ဆိုပါက TNRP Project တွင် Pipeline Company များ ဖြစ်သည့်အတွက် ကုမ္ပဏီအလိုက်သာ တင်ပြနိုင်မည်ဖြစ်ကြောင်း) | Technical and Reporting Sub-committee, Related Departments | |
| ၂ | ထုတ်ပြန်ပြီးခဲ့သော သစ်တောကဏ္ဍဆိုင်ရာ အစီရင်ခံစာများမှ Data များကို Data Portal တွင် ထုတ်ပြန်နိုင်ရန်အတွက် Forest Trends ၏ ကမ်းလှမ်းမှုအား သဘောတူသည်။<br>- လိုအပ်သည့်အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများအား ဆက်လက်ဆောင်ရွက်ရန် | NCS, Forest Trends, Related Stakeholders | |
| ၃ | Systematic Disclosure Feasibility Consultant ရွေးချယ်ရန်အတွက် ရွေးချယ်ရေးလုပ်ငန်းခွဲကော်မတီမှ အစုအဖွဲ့တစ်ခုစီက နှစ်ဦးစီပါဝင်၍ ရွေးချယ်ပေးရန်<br>• လုပ်ငန်းရှင်ကဏ္ဍအတွက် TOTAL မှ ပါဝင်နိုင်မှုအခြေအနေအား ပြန်လည်အကြောင်းပြန်ပေးရန်<br>• ရွေးချယ်ရေးကော်မတီအစည်းအဝေးအား လာမည့်အပတ်တွင် ညှိနှိုင်းကျင်းပရန် | | |

| | | | |
|---|---|---|---|
| | • Systematic Disclosure Feasibility Consultant အတွက် Revised REOI အား တစ်ပတ်အချိန်သတ်မှတ်၍ ကြော်ငြာရန်<br>• REOI Link အား ကိုယ်စားလှယ်များထံမျှဝေပေးရန်<br>• ပထမအကြိမ်လျှောက်ထားသည့်အဖွဲ့များအပေါ် Summarized ပြုလုပ်၍ NCS မှ မျှဝေပေးရန်<br>• USAID-TIGA မှလည်း Score Sheet ပြင်ဆင်၍ မျှဝေရန်<br>• Revised REOI ကြော်ငြာသည့်အခါ၌ အားသာချက်များသည့် အဖွဲ့များ ပါဝင်လာပါက ထည့်သွင်းစဉ်းစားသွားရန် | | |
| ၄ | Commodity Trading Report (Pre-final) ပါ အကြံပြု တိုက်တွန်းချက်တွင် MOGE နှင့်ပတ်သက်သည့် "Reconciliation of the quantity collected by MOGE with the quantity sold" တွင် ဓါတ်ငွေ့၊ ရေနံ ကွာခြားချက်များနှင့်စပ်လျဉ်း၍ MOGE မှ ရှင်းလင်းချက်များအား ၂၅-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA သို့ ပြန်လည်ပေးပို့ပေးရန် -<br>• ရေနံနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်အသေးစိတ် လက်ကျန်စာရင်း၊ အစီရင်ခံသည့်နှစ်အဝင်စာရင်း၊ Sale quantity ၊ Balance တို့နှင့်ပတ်သက်၍ ရှင်းလင်းချက်များ၊ ဓါတ်ငွေ့နှင့်ပတ်သက်၍ကွာဟချက်အပေါ် အသေးစိတ်ရှင်းလင်းချက်များအား IA သို့ ပြန်လည်ပေးပို့ရန် | MOGE | |
| ၅ | DMO Obligation နှင့်ပတ်သက်၍ Domestic Market အရ ကုမ္ပဏီများမှ MOGE ထံသို့ စာချုပ်ပါအတိုင်း Deliver ပြုလုပ်ထားမှုအခြေအနေများအား IA ထံသို့ မှတ်ချက်ပြန်ကြားပေးရန်အတွက် MOGE မှ ၂၅-၉-၂၀၂၀ ရက်နေ့နောက်ဆုံးထား၍ ပြင်ဆင်ပြန်ကြားပေးရန် | MOGE | |
| ၆ | Commodity Trading Report (Pre-final) အပေါ် မှတ်ချက် များအား ၂၅-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ IA သို့ ပြန်ကြားပေးရန်နှင့် IA ကလည်း မှတ်ချက်များအား လိုက်ပါ ပြင်ဆင်ပေးရန် | Technical and Reporting Sub-committee | |
| ၇ | Quasi-fiscal Expenditure Consultant ရွေးချယ်မှုနှင့် ပတ်သက်၍ အမှတ်ပေးရလဒ်အတိုင်း အတည်ပြု၍ ဆက်လက်ဆောင်ရွက်ရန်<br>• အမှတ်အများဆုံးရသည့်အဖွဲ့အား လိုအပ်သည့် အင်တာဗျူးနှင့်အသေးစိတ်ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန် | T&R Members, NCS, USAID-TIGA | |

**နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးတက်ရောက်သူများစာရင်း (ကျား - ၁၄ ဦး၊ မ -၁၂ ဦး၊ စုစုပေါင်း - ၂၆ ဦး)**

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက် Virtual Meeting

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| | | **အစိုးရကိုယ်စားလှယ်များ** | |
| ၁ | ဦးဝင်းမော် | DG | OGPD, MOEE |
| ၂ | ဦးကျော်သက် | DDG | DOM, MONREC |
| | | **လုပ်ငန်းရှင်ကိုယ်စားလှယ်များ** | |
| ၃ | ဦးစိုးမော် | Chair | MFPTMA |
| ၄ | ဒေါ်မေသက်ဆုဦး | PSC & Partner Reporting Supervisor | TOTAL E&P Myanmar |
| | | **အရပ်ဘက်ကိုယ်စားလှယ်များ** | |
| ၅ | ဒေါ်မိုးမိုးထွန်း | MSG Member | MATA |
| ၆ | ဦးသန့်ဇင် | MSG Member | MATA |
| ၇ | ဦးထူးအောင် | MSG Alternate/PC | MATA |
| | | **MOBD မှ တာဝန်ရှိသူများ** | |
| ၈ | ဒေါ်မြမြင့်သန်း | AD | MOBD |
| ၉ | ဒေါ်မိုင်ခင်နွေးရှိန် | AD | MOBD |
| ၁၀ | ဒေါ်ဇာခြည်သန့်သန့်ဝင်း | ဦးစီးအရာရှိ | MOBD |
| ၁၁ | ဒေါ်ပေရယ်အောင်အောင်လွင် | ဦးစီးအရာရှိ | MOBD |
| ၁၂ | ဦးနေထွန်းလင်း | ဦးစီးအရာရှိ | MOBD |
| | | **ဖိတ်ကြားထားသည့်ဌာနတာဝန်ရှိသူများ** | |
| ၁၃ | ဒေါ်ဝင်းဝင်းကြူ | DD | OGPD |
| ၁၄ | ဒေါ်မြင့်မြင့်ခိုင် | Manager | MOGD |
| ၁၅ | ဦးဇော်ဇော် | AD | MCD |
| ၁၆ | ဦးမင်းအောင် | GM | ME1 |
| ၁၇ | ဦးဝင်းအောင်ညို | Director | IRD |
| ၁၈ | ဦးကျော်ဇောထွန်း | AD | DOM |

| Development Partners | | | |
|---|---|---|---|
| ၁၉ | ဒေါ်တင်ဇာထွန်း | Consultant | World Bank |
| ၂၀ | ဒေါ်တာရာမောင် | Natural Resource Management Lead | USAID-TIGA |
| ၂၁ | ဒေါ်ခင်စောဌေး | Policy Analyst | Forest Trends |
| **MEITI-NCS** | | | |
| ၂၂ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager | MEITI-NCS |
| ၂၃ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၂၄ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၂၅ | ဦးကျော်သင်းမောင် | Program Associate | MEITI-NCS |
| ၂၆ | ဒေါ်ထက်နန္ဒာအောင် | Senior Communication Officer | MEITI-NCS |
| ၂၇ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |